“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန်လှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# အပတ်စဉ်သတင်းထုတ်ပြန်ချက် (၄/၂၀၂၃)

အမှတ်စဉ် (၄/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

## ၁။ ဒေါနစစ်ကြောင်း သင်တန်းဆင်းရဲဘော်များအား လက်နက်များပေးအပ်။

ဇန်နဝါရီလ ၁၇ ရက်တွင်ပြုလုပ်သည့်တောင်ပိုင်းစစ်ဒေသ၊ အမှတ်(၃) စစ်ဒေသခွဲရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် ဒေါနစစ်ကြောင်း၏ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း တက်ရောက်ခဲ့ပြီး သင်တန်းဆင်းရဲဘော်များအား လက်နက်များပေးအပ်ခဲ့ပြီး NUG ခေါင်းဆောင်များ တော်လှန်ရေးရဲဘော်များနှင့်အတူမြေပြင်၌တသားတည်းရှိနေကြောင်း ပြောကြားခဲ့သည်။

https://bit.ly/3XtCk8H

## ၂။ စစ်ကောင်စီအား လေကြောင်းပိုင်နက်အသုံးပြုခွင့်မပြုရန် အိမ်နီးချင်းနိုင်ငံများအား NUG တိုက်တွန်းတောင်းဆို။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

သတင်းထုတ်ပြန်ချက် ( ၂ / ၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

**မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများအနေဖြင့် မိမိတို့၏လေကြောင်းပိုင်နက်များကို အကြမ်းဖက်စစ်အုပ်စု၏ ဆိုးရွားသော လေကြောင်းတိုက်ခိုက်မှုများ အတွက် အသုံးပြုခွင့် မပေးရန် တောင်းဆိုခြင်း**

၁။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ နှင့် ၁၁ ရက်နေ့များတွင် ချင်းအမျိုးသားတပ်ဦး (CNF) ဗဟိုဌာနချုပ်တည်ရှိရာ အိန္ဒိယ-မြန်မာနယ်စပ်ရှိ Camp Victoria ကို အကြမ်းဖက်စစ်အုပ်စုက ဂျက်တိုက် လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အရပ်သား အများအပြား ထိခိုက် ဒဏ်ရာရ သေကြေခဲ့ရပြီး၊ လူနေအိမ်သုံးလုံးနှင့် နေ့စဉ်ဝန်ဆောင်မှုပေးနေသည့် ဒေသန္တရ ဆေးကုသဆောင် တစ်ဆောင်အပါအဝင် အရပ်သားအခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီး ခဲ့ကြောင်း သိရှိရသည်။

၂။ အဆိုပါတိုက်ခိုက်မှုတွင် အိမ်နီးချင်း အိန္ဒိယနိုင်ငံ၏လေပိုင်နက်ထဲသို့ ကျူးကျော်ဝင်ရောက် အသုံးချမှု ဖြစ်ပေါ်ခဲ့ကြောင်း ချင်းအမျိုးသားတပ်ဦးမှ ပေးပို့သောသတင်းတင်ပြချက်များအရ သိရှိရသည်။ အခြားသော မြေပြင်သတင်းရင်းမြစ်များအရလည်း အကြမ်းဖက်စစ်အုပ်စု၏ ဗုံးကြဲမှုများသည် အိန္ဒိယပိုင်နက် အတွင်းသို့ပင် ကျရောက်ခဲ့ကြောင်းသိရှိရပါသည်။

၃။ အကြမ်းဖက် စစ်အုပ်စုသည် အိမ်နီးချင်းနိုင်ငံများ၏ လေပိုင်နက်များကို ကျူးကျော်အသုံးပြု၍ ရမ်းကားတိုက်ခိုက်မှုများကျူးလွန်ခြင်းသည် ပထမဆုံးအကြိမ် မဟုတ်ဘဲ အခြားသော အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ထိုင်း နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများ၏လေပိုင်နက်များကိုလည်း ကျူးကျော် အသုံးပြုခဲ့သည့် အစဉ်အလာများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရပြီးဖြစ်သည်။



၂

၄။ သို့ဖြစ်ပါ၍ ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ပြည်သူတို့၏အသက်အိုးအိမ်များ ဘေးကင်း လုံခြုံရေးကို ရှေးရှု၍ မြန်မာပြည်သူတို့၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မိမိတို့၏လေပိုင်နက်များကို အသုံးပြု၍ မြန်မာနိုင်ငံပြည်သူများကို လေကြောင်းမှ အကြမ်းဖက်တိုက်ခိုက်နေခြင်းများ ကျူးလွန် နေသည့် အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များအား ခွင့်ပြုခြင်း မပြုပါရန် မေတ္တာရပ်ခံ တောင်းဆို လိုက်သည်။

၅။ အဆိုပါတောင်းဆိုမှုသည် အရပ်သားများနှင့် အများပြည်သူပိုင် အဆောက်အအုံများကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ရှုံ့ချထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် - ၂၆၆၉ အရ ဖြစ်ပြီး အဆိုပါဆုံးဖြတ်ချက်တွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေခြင်းကို ချက်ချင်း ရပ်တန့်ရန်၊ အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဖြစ်ပေါ်နေခြင်းကို တားဆီးဟန့်တားရန် တောင်းဆိုသည့် အချက်များလည်း ပါဝင်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

အကြမ်းဖက်စစ်အုပ်စုသည် အိမ်နီးချင်းနိုင်ငံများ၏ လေပိုင်နက်များကို ကျူးကျော်အသုံးပြု၍ ရမ်းကားတိုက်ခိုက်မှုများကျူးလွန်ခြင်းမှာ ပထမဆုံးအကြိမ် မဟုတ်ဘဲ အခြားသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ လေပိုင်နက်များကိုလည်း ကျူးကျော်အသုံးပြုခဲ့ကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ပြည်သူတို့၏အသက်အိုးအိမ်များ ဘေးကင်းလုံခြုံရေးကိုရှေးရှုကာ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မိမိတို့၏လေပိုင်နက်များကိုအသုံးပြုပြီး မြန်မာနိုင်ငံပြည်သူများအား လေကြောင်းမှ အကြမ်းဖက်တိုက်ခိုက်ကျူးလွန်နေသည့် အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များအား ခွင့်မပြုကြပါရန် မေတ္တာရပ်ခံ တောင်းဆိုကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်တွင် မေတ္တာရပ်ခံ တိုက်တွန်းတောင်းဆိုခဲ့သည်။

ထို့ပြင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ချင်းအမျိုးသားတပ်ဦး (CNF) ဗဟိုဌာနချုပ်တည်ရှိရာ အိန္ဒိယ-မြန်မာနယ်စပ်ရှိ Camp Victoria ကို အကြမ်းဖက်စစ်အုပ်စုက ဂျက်တိုက် လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုတွင် အရပ်သား အများအပြား ထိခိုက် ဒဏ်ရာရသေကြေခဲ့ရပြီး၊ လူနေအိမ်သုံးလုံးနှင့် ဒေသန္တရ ဆေးကုသဆောင် တစ်ဆောင်အပါအဝင် အရပ်သားအခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီး ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် အိမ်နီးချင်း အိန္ဒိယနိုင်ငံ၏လေပိုင်နက်ထဲသို့ ကျူးကျော်ဝင်ရောက် အသုံးချခဲ့ပြီး အခြားသော မြေပြင်သတင်းရင်းမြစ်များအရ အကြမ်းဖက်စစ်အုပ်စု၏ ဗုံးကြဲမှုများသည် အိန္ဒိယ ပိုင်နက်အတွင်းသို့ပင် ကျရောက်ခဲ့ကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3wi95K7

## ၃။ အင်ဒိုနီးရှားနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်လိုက်ကြောင်း ကြေညာမှုကို NUG ကြိုဆို။

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်လိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီး H.E. Retno L.P. Marsudi ၏ ကြေညာခဲ့ခြင်းအား အမျိုးသားညီညွတ်ရေးအစိုးရမှကြိုဆိုကြောင်း၊ အာဆီယံ၏ မြန်မာနိုင်ငံအပေါ်တုံ့ပြန်မှု ပိုမိုမြင့်တင်နိုင်ရန် အထူးကိုယ်စားလှယ် အသစ်ခန့်အပ်လာပါက အချိန်ပြည့် တာဝန်ယူလုပ်ဆောင်သွားနိုင်ဖွယ်ရှိကြောင်းနှင့် အထူးကိုယ်စားလှယ်ရုံးအနေဖြင့်လည်း အရေးကြီးသောနယ်ပယ်နှင့်ကဏ္ဍအလိုက် လူသားအရင်းအမြစ်များနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ခွဲဝေချထားသည်ကိုတွေ့မြင်ရပြီး အာဆီယံတွင် အင်ဒိုနီးရှားနိုင်ငံ၏ခေါင်းဆောင်မှု စတင်သည့်အချိန်သည် မြန်မာနိုင်ငံအတွက် အရေးပါသော အခိုက်အတန့်နှင့်လည်းကိုက်ညီနေကြောင်း၊ Ms Retno အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူး ကိုယ်စားလှယ်ရုံး၏ အကြီးအကဲ အဖြစ်တာဝန်ထမ်းဆောင်ခြင်းတို့

စာမျက်နှာ (၃) သို့

စာမျက်နှာ (၂) မှ

အပေါ် အပြည့်အဝထောက်ခံကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ NUG အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3wjUHkw

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက် ( ၁ / ၂၀၂၃)
၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

**အထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်**

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်လိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Retno L.P. Marsudi မှ ကြေညာခဲ့ခြင်းအပေါ် အမျိုးသားညီညွတ်ရေးအစိုးရမှ ကြိုဆိုပါသည်။

နိုင်ငံခြားရေးဝန်ကြီး Ms Retno မှ အထူးကိုယ်စားလှယ်ရုံး အကြီးအကဲအနေဖြင့် ၎င်း၏ တာဝန်ဝတ္တရားများကို အားသွန်ခွန်စိုက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု မိမိတို့ အစိုးရမှ ယုံကြည်ပါသည်။

ထို့အပြင် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် တုံ့ပြန်မှု အရှိန်ကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် Ms Retno မှ အထူးကိုယ်စားလှယ်အသစ် ခန့်အပ်လာပါက အထူးကိုယ်စားလှယ် မှ ၎င်း၏တာဝန်ဝတ္တရားများကို အချိန်ပြည့် လုပ်ဆောင်သွားနိုင်ဖွယ်ရှိကြောင်းနှင့် အထူးကိုယ်စားလှယ်ရုံး အနေဖြင့်လည်း အရေးကြီးသော နယ်ပယ်နှင့်ကဏ္ဍအလိုက် လူသားအရင်းအမြစ်များနှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို ခွဲဝေချထားသည်ကို တွေ့မြင်ရပါသည်။

အာဆီယံတွင် အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်မှု စတင်သည့်အချိန်သည် မြန်မာနိုင်ငံအရေးနှင့် စပ်လျဉ်းပြီး လူထု၏သဘောထား တဟုန်ထိုးမြင့်တက်နေသည့်ကာလ ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် အရေးပါသော အခိုက်အတန့်နှင့်လည်း ကိုက်ညီနေ ပါသည်။ မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော အာဆီယံ ထိပ်သီးအစည်းအဝေးများတွင် ကုလသမဂ္ဂနှင့် ပြင်ပ မိတ်ဖက်နိုင်ငံများထံမှ ထောက်ခံမှုရရှိရန် အာဆီယံ ခေါင်းဆောင်များ၏



၂

တောင်းဆိုမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်သည့် သမိုင်းဝင်သော ပထမဆုံး ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ ပါသည်။ ဥပဒေအရ ချည်နှောင်မှုရှိသည့် အဆိုပါဆုံးဖြတ်ချက်သည် မြန်မာပြည်သူများ၏ သဘောဆန္ဒများကို လုံခြုံရေးကောင်စီမှ ထောက်ခံကြောင်း ပြသလိုက်သည်သာမက အကြမ်းဖက်စစ်အုပ်စု၏ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များကို ချက်ချင်းရပ်တန့်ရန် တောင်းဆို ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် အဆိုပါ ဆုံးဖြတ်ချက်တွင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများကို ပြည့်ပြည့်ဝဝ၊ လုံလုံခြုံခြုံ၊ အဟန့်အတားမရှိ အကူအညီ လိုအပ်နေသူများထံသို့ ပေးအပ်နိုင်ရန် လိုအပ်သည်ကိုလည်း အလေးထားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီး Ms Retno မှ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူး ကိုယ်စားလှယ်ရုံး၏ အကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်ခြင်းတို့အပေါ် အပြည့်အဝထောက်ခံပါ ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ အပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

# ၄။ အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် မီဒီယာများသို့ ပေးပို့နေကြောင်း NUG ထုတ်ပြန်။

လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းယူနိုင်ရေးအတွက် အခြေခံလူ့အခွင့်အရေး သင်တန်းနှင့် အချက်အလက်နှင့် လူပုဂ္ဂိုလ်လုံခြုံရေးကို အဓိကထားပြီး မှတ်တမ်းယူနိုင်သည့် သင်တန်းများကို လူ့အခွင့်အရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဒေသအသီးသီးမှ သင်တန်းသား ၂၀၀ ဦးအား သင်တန်း ၂၈ ခု ပေးခဲ့ပြီး လက်ရွေးစင်သင်တန်းသား ၇၅ ဦး၏ ဦးဆောင်မှုဖြင့် "မြန်မာနိုင်ငံလုံးဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား Independent Investigative Mechanism for Myanmar - IIMM" သို့ ပေးပို့ခဲ့ပြီး/ဆက်လက်၍ ပေးပို့နေဆဲဖြစ်ကြောင်း၊ ပြည်တွင်းမီဒီယာများ၊ နိုင်ငံတကာမီဒီယာများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများသို့လည်း ပေးပို့လျက်ရှိကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3whxUGf

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

## ၅။ အကြမ်းစစ်ကောင်စီက ကျေးရွာ ၁၉ ရွာအားမီးရှို့ဖျက်စီးမှုတွင် အသက် (၈၀)အရွယ်အဘွားအိုအပါအဝင် ၅ ဦးသေဆုံးခဲ့။

တပ်မ (၇၇) လက်အောက်ခံ၊ ရန်ကုန်တိုင်း မော်ဘီအခြေစိုက်ခြေမြန်တပ်ရင်း (ခမရ-၇၀၁) နှင့် အမှတ် (၁၀) စစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်လက်အောက်ခံ မော်လိုက်အခြေစိုက် (ခမရ-၃၆၄) မှ အကြမ်းဖက်စစ်သားများက ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ ဒီဇင်ဘာ (၁၂) ရက်အထိ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ မူးမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာ (၁၈) ရွာနှင့် ရေဦးမြို့နယ်ရှိ ကျေးရွာတစ်ရွာအပါအဝင် စုစုပေါင်း (၁၉) ရွာကို စစ်ကြောင်းထိုးမီးရှို့ဖျက်စီးခဲ့ကြောင်း၊ ယင်းအကြမ်းဖက်မှုဖြစ်စဉ်ကြောင့် အမြင်အာရုံချို့ယွင်းနေသည့် အသက် (၈၀) အရွယ်အဘွားအို အပါအဝင် ၅ ဦးသေဆုံးခဲ့ရပြီး ရွာပေါင်း (၁၉) ရွာရှိ အိမ်ခြေ (၂၀၇၀) လုံး မီးရှို့ဖျက်စီးခံခဲ့ရကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/403IsVI

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

## ၆။ ပြည်သူ့ကာကွယ်ရေးတပ်တော်က မဲစာရင်း လာကောက်သည့် အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ ထွေအုပ်ဝန်ထမ်း ၄ ယောက်ကို ဖမ်းဆီးအရေးယူ။

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်တွင် ဇန်နဝါရီလ (၁၄)ရက်၌ အကြမ်းဖက်စစ်ကောင်စီက ပြုလုပ်မည့် တရားမဝင်ရွေးကောက်ပွဲအတွက် မဲစာရင်းလာကောက်သည့် အမျိုးသမီးဝန်ထမ်း(၃)ဦး၊ အမျိုးသားဝန်ထမ်း(၁)ဦး၊ စုစုပေါင်း (၄)ဦးကို စစ်ကိုင်းခရိုင် တပ်ရင်း (၅) MRA ကဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသူများအား စစ်ကိုင်းခရိုင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ https://bit.ly/3WlMuHe

## ၇။ အကြမ်းဖက်စစ်ကောင်စီ၏ ထုတ်ကုန်ပစ္စည်းများဖမ်းဆီးရမိပြီး မီးရှို့ဖျက်ဆီး

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ မုံရွာ-အရာတော်ကားလမ်းပေါ်တွင် ဇန်နဝါရီ ၁၆ ရက်က အကြမ်းဖက် စစ်တပ်၏ထုတ်ကုန်ပစ္စည်းဖြစ်သည့် Super Coffee Mix များသယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရှိခဲ့ခြင်းကြောင့် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေး၊ မြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်များက သိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခဲ့ကာ စစ်ကောင်စီတပ်၏ ထုတ်ကုန်များကို ရောင်းချခြင်းသယ်ယူခြင်းမပြုရန်သတိပေးပြော ကြားခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်တွင်ဖော်ပြခဲ့သည်။

## ၈။ ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် စိုက်ပျိုးရေးဌာနမှ Non CDM ၂၇ ဦး အလင်းဝင်ရောက်လာ

အမျိုးသားညီညွတ်ရအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်နေသည့် မြို့နယ်ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် စစ်ကောင်စီလက်အောက်ခံ Non CDM များအား အလင်းဝင်ရောက်လာကြ ရန် ကြေညာချက်များထုတ်ပြန်ဆောင်ရွက်လျှက်ရှိရာ ၂၀၂၂ စက်တင်ဘာ ၁၈ ရက်မှ ၂၀၂၃ ဇန်နဝါရီ ၁၂ ရက် အထိ အရာတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဌာန၊ကျန်းမာ ရေးဌာနနှင့် စိုက်ပျိုးရေးဌာနမှ Non CDM ၂၇ ဦး အလင်းဝင်ရောက်လာခဲ့ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3WlMyqs




စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

## ၉။ စိုးမိုးနယ်မြေများတွင် ကြားကာလအခွန်ဆိုင်ရာ မူဝါဒချမှတ်ပြီး အခွန်ကောက်ခံနေမှု ကျပ် ၃ ဘီလီယံခန့် ရရှိကြောင်း NUG ပြည်ထောင်စုဝန်ကြီးပြောကြား

စိုးမိုးနယ်မြေများတွင် ကြားကာလအခွန်ဆိုင်ရာ မူဝါဒချမှတ်ပြီး အခွန်ကောက်ခံနေမှု ကျပ် ၃ ဘီလီယံခန့် ရရှိထားကြောင်း၊ ပြည်သူများ ဝန်ထုတ်ဝန်ပိုး မဖြစ်စေဘဲ လုပ်ငန်းရှင်များ လိုလိုလားလားပေးဆောင်နိုင်မည့် နှုန်းထားမျိုးဖြင့်သာ အခွန်ငွေကိုကောက်ခံခြင်းဖြစ်ကြောင်း၊ ကောက်ခံရရှိလာသည့် အခွန်ဘဏ္ဍာငွေများထဲမှ ပြည်ထောင်စု အစိုးရအဖွဲ့က ၃၀ ရာခိုင်နှုန်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ၃၀ ရာခိုင်နှုန်းနှင့် ပြည်သူ့ကာကွယ်ရေး အဖွဲ့များက ၄၀ ရာခိုင်နှုန်း သုံးစွဲရန် မူဝါဒချမှတ်ထားကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ ၁၆ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ https://bit.ly/3QSh36h

တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

| စဉ် | နေ့စွဲ | ဝန်ကြီးဌာနနှင့် ကော်မတီများ | အကြောင်းအရာနှင့်ဆွေးနွေးချက်များ | Link များ |
|---|---|---|---|---|
| ၁။ | ဇန်နဝါရီ ၁၇ ရက် | ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြု ကော်မတီများအစည်းအဝေး | ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက တစ်လတာအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ | https://bit.ly/3ZM0SLX |
| ၂။ | ဇန်နဝါရီ ၁၆ ရက် | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ | ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန် ကြီးဌာန၊ ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မြေပြင်အုပ် ချုပ်ရေး ဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေ ရသည့် အခက်အခဲများနှင့် လိုအပ် ချက်များကိုဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3ZQJi9v |
| ၃။ | ဇန်နဝါရီ ၂၀ ရက် | အမျိုးသားညီညွတ်ရေး အစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီ နှင့်စစ်ကိုင်းတိုင်း၊မကွေးတိုင်းပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး | ဘဏ္ဍာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ အခွန်ကောက်ခံမှု၊ ကာကွယ်ရေး၊ ကျန်းမာ ရေး၊ ပညာရေး၊ တရားစီရင်ရေး၊ | https://bit.ly/3ZUkCNe |
| ၄။ | ဇန်နဝါရီ ၁၆ ရက် | အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီ နှင့် တနင်္သာရီတိုင်း၊ ဧရာဝ တီတိုင်း ပြည်သူ့အုပ်ချုပ် ရေးအဖွဲ့များ တွေ့ဆုံ ဆွေးနွေးပွဲ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်လုပ်ငန်း တာဝန်များ မူဝါဒ၊လမ်းညွှန်ချက်များ၊ မြေ ပြင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ မူဝါဒ၊ လမ်းညွှန်ချက်များကို ဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3XnWxga |